နောက်ဆက်တွဲ(က)

## Tsang Yih Company Limited ၏ CMP စနစ်ဖြင့် ဖိနပ်အောက်ခံပြား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းစီမံကိန်းအကြောင်းအရာ

၁။ Tsang Yih Company Limited ၏ မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်အမှတ် (N3+N4)၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် CMP စနစ်ဖြင့် ဖိနပ်အောက်ခံပြား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၃-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ရက၊ ၁/၃/၄ (အီးအိုင်အေ) (၁၅၂၂/၂၀၁၉) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr.Liao, Jung-Ta ၊ Director ၊ မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်အမှတ် (N3+N4)၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ၊ ၀၉-၉၇၅၅၀၁၀၁၁ ၊ ၀၉-၂၅၄၀၄၃၆၃၇၊ daniel.liao@ty-laiyih.com.mm Tsang Yih Company Limited ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အဓိကအစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် လုပ်ငန်းလည်ပတ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများကို ဗီယမ်နမ်၊ ကိုရီးယား၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံတို့မှ အဓိကမှာယူမည်ဖြစ်ပြီး ကုန်ချောများအား ဥရောပ၊ တရုတ်၊ အမေရိကနှင့် ဂျပန် စသည့်နိုင်ငံများသို့ တင်ပို့နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းနှင့်စက်ပစ္စည်းများ။** ဆီလိုအပ်ချက်အနေဖြင့် တစ်ရက်လျှင် ၅၂၈ ဂါလံ၊ လုပ်ငန်းအတွက် တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ၁၂၀၀၀ ကေဗွီအေ လိုအပ်မည်ဖြစ်ပြီး၊ ရေသုံးစွဲမှုအနေဖြင့် တစ်နှစ်လျှင် ၂၂၉၆၈ တန် အသုံးပြုသွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်အမှတ် (N3+N4)၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)( ၃၉၄၁ /၂၀၁၉)
ရက်စွဲ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

အကြောင်းအရာ။ Tsang Yih Company Limited ၏ CMP စနစ်ဖြင့် ဖိနပ်အောက်ခံပြား ထုတ်လုပ်သည့်လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အစီရင်ခံစာ အား အတည်ပြုပြန်ကြားခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ

ရည်ညွှန်းချက် ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၃၀-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၁/၄-ခ(၁၈၀၄/၂၀၁၉)

Tsang Yih Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (N3+N4) တွင် CMP စနစ်ဖြင့် ဖိနပ်အောက်ခံပြားထုတ်လုပ်သည့်လုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အစီရင်ခံစာတွင် ပါဝင်သည့် အချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်များနှင့် ကိုက်ညီမှုရှိပါသဖြင့် အတည်ပြုပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် ရည်ညွှန်းစာ၏ အပိုဒ် ၆ (က မှ န) အထိပါအတိုင်း အလေးထားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားခွင့်ပြုနိုင်ရေး တင်ပြလာမှုအပေါ် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ ပြန်ကြားခွင့်ပြုကြောင်း အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကျော်ဇော၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

CamScanner